နောက်ဆက်တွဲ (၁၁.၈)

# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် သဘောထားမှတ်ချက် တောင်းခံရာတွင် သစ်တောဦးစီးဌာနမှ ပြန်လည်ပေးပို့လာသော သဘောထားမှတ်ချက်/အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများအား အကြောင်းပြန်ကြားခြင်း

မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ (MFCC) မှ ရေးဆွဲထားသော Standard Setting Policy အရ MFCC သည် Public Stakeholder Consultation ကို ၂၀၁၉ ခုနှစ် ဧပြီလ (၃၀) ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ ရရှိလာသော သဘောထားမှတ်ချက်/ အကြံပြုချက်များကို နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေးများ အဆင့်ဆင့်ကျင်းပ၍ အတည်ပြုဆုံးဖြတ်ချက်ချပြီးဖြစ်ပါသည်။

Public Stakeholder Consultation ကျော်လွန်၍ စံနှင့်အညွှန်းများအပေါ် ပေးပို့လာသောသဘောထား မှတ်ချက်/အကြံပြုချက်များကိုလည်း MFCC ၏ Stakeholder Engagement and Public Documents Policy နှင့်အညီ မှတ်တမ်းတင်၍ သိမ်းဆည်းသွားမည်ဖြစ်ပြီး နောက်တစ်ကြိမ် စံနှင့် အညွှန်းများ ပြန်လည်ပြင်ဆင်သည့်အချိန်တွင် ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။

MFCC သည် Public Stakeholder Consultation မှ ရရှိလာသော သဘောထားမှတ်ချက်နှင့် အကြံပြုချက်များအရ သဘာဝတောနှင့် သစ်တောစိုက်ခင်းစံနှင့်အညွှန်းများကို ပေါင်းစပ်၍ စံချိန် စံညွှန်းတစ်ခုတည်းသာထားရှိပြီး ၄င်းစံချိန်စံညွှန်းတွင် ဥပဒေသ၊ စံနှင့်အညွှန်းများသာပါဝင်ပါသည်။ ၄င်းစံချိန်စံညွှန်း (Myanmar Criteria and Indicators for Forest Management Certification-2020) ကို ဇွန်လ ၁၉ ရက်၊ ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြီး ဖြစ်ပါသည်။

စံနှင့်အညွှန်းများကို အခြေခံ၍ ရေးဆွဲမည့် Checklist/Audit Form တွင်မူ Public Stakeholder Consultation တွင် ရရှိသော သဘောထား မှတ်ချက်/ အကြံပြုချက်များသာမက Public Stakeholder Consultation ကျော်လွန်၍ ရရှိသော သဘောထားမှတ်ချက်/အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ရေးဆွဲသွားမည်ဖြစ်ပါသည်။

အဖွဲ့အစည်းအမည် - ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန

ပေးပို့ရက်စွဲ - ၂၇.၁.၂၀၂၀

**သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုအတွက်ထောက်ခံချက်ပေးနိုင်ရန်မြန်မာ့စံနှင့်အညွှန်းများ (သဘာဝတော) (မူကြမ်း)**

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက်အထားများ | သဘောထားမှတ်ချက်/ အကြံပြုချက် | သဘောထားမှတ်ချက်များ၊ အကြံပြု ချက်များနှင့် ပတ်သက်၍ အတည်ပြု ဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁။ | ဥပဒေသ (၁)၊ စံ (၁.၁)၊ အညွှန်း (၁.၁.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | တောရိုင်းတိရိစ္ဆာန်များ၏နေ ရင်းဒေသများပြန်လည်တည် ထောင်ရေးအစီအစဉ် Rehabilitation of Natural Habitat (၂၀၀၉-၂၀ မှ ၂၀၂၈-၂၉) (ဖြည့်စွက်သင့်ပါသည်။) | ဆောင်ရွက်မှုအထောက်အထား များတွင် ထပ်မံဖြည့်စွက်သွားပါ မည်။ |
| ၂။ | ဥပဒေသ (၁)၊ စံ (၁.၃)၊ အညွှန်း (၁.၃.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာ ကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈)၊ အခန်း(၅)(ဖြည့်စွက်သင့်ပါ သည်။) | ဆောင်ရွက်မှုအထောက်အထား များတွင် ထပ်မံဖြည့်စွက်သွားပါ မည်။ |
| ၃။ | ဥပဒေသ (၁)၊ စံ (၁.၄)၊ အညွှန်း (၁.၄.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | - သစ်တောဥပဒေ (၂၀၁၈)၊ အခန်း (၆၊၇၊၈)<br>- ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့် ရှောက် ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈)၊ အခန်း (၅၊၈) (ဖြည့်စွက် သင့်ပါသည်။) | ဥပဒေသ (၁)၊ စံ (၁.၄)၊ အညွှန်း (၁.၄.၁)သည် “စံ၊ဥပဒေသနှင့် လက် ရှိ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်း၊တည်ဆဲ ဥပဒေ များ အကြားဆန့်ကျင်သည့် အခြေအနေများနှင့်ပတ်သက် သည့် စာရွက်စာတမ်း အထောက် အထားမှတ်တမ်းများရရှိနိုင်မှု” ဖြစ်ပါသည်။<br>MFCC သည် ယခုအချိန်တွင် Myanmar Criteria and Indicators for Forest |

| | | | |
|---|---|---|---|
| | | | Management Certification (2020) ကို အခြေခံ၍ Checklist/ Audit Form ကို ရေးဆွဲနေပါသည်။ လက်တွေ့တွင်လိုက်နာကျင့်သုံးနိုင်ခြင်း ရှိ/မရှိကို ဆန်းစစ်နိုင်ရန်အတွက်အကဲဖြတ်ဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ထိုသို့ဆောင်ရွက်နေစဉ်တွင် ဤအချက်များနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။ |
| ၄။ | ဥပဒေသ (၃)၊ စံ (၃.၂)၊ အညွှန်း (၃.၂.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈)၊အခန်း (၄) (ဖြည့်စွက်သင့်ပါသည်။) | ဆောင်ရွက်မှုအထောက်အထားများတွင် ထပ်မံဖြည့်စွက်သွားပါမည်။ |
| ၅။ | ဥပဒေသ (၃)၊ စံ (၃.၄)၊ အညွှန်း (၃.၄.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | သစ်တောဥပဒေ (၂၀၁၈)၊ အခန်း(၃)ဇီဝမျိုးစုံနှင့်သဘာဝ ထိန်း သိမ်းရေးနယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈)၊အခန်း (၄)(ဖြည့်စွက်သင့်ပါသည်။ | ဆောင်ရွက်မှုအထောက်အထားများတွင် ထပ်မံဖြည့်စွက်သွားပါမည်။ |

**သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုအတွက်ထောက်ခံချက်ပေးနိုင်ရန်မြန်မာ့စံနှင့်အညွှန်းများ (သစ်တောစိုက်ခင်း) (မူကြမ်း)**

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက်အထားများ | သဘောထားမှတ်ချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁။ | ဥပဒေသ(၂)၊စံ (၂.၁)၊ အညွှန်း (၂.၁.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | ဒီရေတောများထိန်းသိမ်းကာကွယ်ရန် အတွက် တိုင်းဒေသကြီး အစိုးရ အဖွဲ့၏ ဒေသန္တရအမိန့် | ဆောင်ရွက်မှုအထောက်အထားများတွင် ထပ်မံဖြည့်စွက်သွားပါမည်။ |
| ၂။ | ဥပဒေသ(၁၀)၊ စံ (၁၀.၂)၊ အညွှန်း (၁၀.၂.၁) ၏ ဆောင်ရွက်မှု အထောက် အထားများ | ကြိုးပြင်တောများရှိ သစ်တောစိုက်ခင်းများ အတွက်မြို့နယ် လယ်/ စီ/ အင်းဦးစီး ဌာန၏ အတည်ပြုချက် | ဆောင်ရွက်မှုအထောက်အထားများတွင် ထပ်မံဖြည့်စွက်သွားပါမည်။ |
| ၃။ | ဥပဒေသ(၁၀)၊ စံ (၁၀.၅)၊အညွှန်း (၁၀.၅.၁)၏ ဆောင်ရွက်မှု အထောက် အထားများ | ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တော လုပ်ငန်းများဆောင်ရွက်ခြင်းမှတ်တမ်း (ဖြည့်စွက်သင့်ပါသည်။) | (၁)သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းကုမ္ပဏီများ၏ ဆောင်ရွက်မှုအထောက်အထားများတွင် “စိုက်ခင်းမှတ်တမ်းစာအုပ်များ” နှင့် (၂)ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ၏ဆောင်ရွက်မှု အထောက်အထားများတွင် “ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းများဆောင်ရွက်ခြင်းမှတ်တမ်း” များကို ထပ်မံဖြည့်စွက်သွားပါမည်။ |
| ၄။ | ဥပဒေသ (၁၀)၊ စံ (၁၀.၈)၊အညွှန်း (၁၀.၈.၁) ၏ ဆောင်ရွက်မှု အထောက်အထားများ | ခုတ်လှဲမျိုးဆက်မှု စီမံချက် (Felling Cum Regeneration Plan) ဖြည့်စွက်သင့်ပါသည်။ | ဆောင်ရွက်မှုအထောက်အထားများတွင် ထပ်မံဖြည့်စွက်သွားပါမည်။ |